ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန

ပင်စင်ဦးစီးဌာန

ကြေညာချက်အမှတ်၊ ၁ / ၂၀၂၄

နေပြည်တော်၊ ၁၃၈၆ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၁၃ ရက်

( ၂၀၂၄ ခုနှစ် ၊ မေ လ ၆ ရက်)

**ဘဏ်ဝန်ဆောင်မှုလုပ်ငန်းများ ယာယီရပ်ဆိုင်းထားသည့် ဘဏ်ခွဲများနှင့် ဘဏ်ဝန်ဆောင်မှုလုပ်ငန်းများဆောင်ရွက်နိုင်ခြင်းမရှိသည့် ဘဏ်ခွဲများမှ အငြိမ်းစားများ နှစ်လွှန်ပင်စင်လျှောက်ထားရန်ကိစ္စအတွက် အသိပေး ကြေညာချက်**

၁။ လတ်တလောဖြစ်ပေါ်နေသော နယ်မြေလုံခြုံရေးအခြေအနေများအရ ဘဏ်ဝန်ဆောင်မှုလုပ်ငန်းများ ယာယီရပ်ဆိုင်းထားသည့် ဘဏ်ခွဲများနှင့် ဘဏ်ဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်နိုင်ခြင်းမရှိသည့် ဘဏ်ခွဲများမှ အငြိမ်းစားများ နှစ်လွှန်ပင်စင်လျှောက်ထားရာတွင် အခက်အခဲရှိနေကြောင်း သိရှိရပါသည်။

၂။ အထက်ပါအငြိမ်းစားများ၏ နှစ်လွှန်ပင်စင်လစာ ပြန်လည်လျှောက်ထားမှု အဆင်ပြေစေရန်အတွက် ၁-၄-၂၀၂၁ ရက်နေ့မှစတင်၍ တစ်နှစ်ထက်ကျော်လွန်ပြီး ပင်စင်လစာထုတ်ယူနိုင်ခြင်းမရှိသော အငြိမ်းစားများအား ယာယီအစီအစဉ်အနေဖြင့် နီးစပ်ရာမြန်မာ့စီးပွားရေးဘဏ်ခွဲများတွင် နှစ်လွန်ပင်စင် ပြန်လည်ထုတ်ယူခွင့်ကို လျှောက်ထားနိုင်ရန် စီစဉ်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါသည်။

၃။ ဘဏ်ဝန်ဆောင်မှုလုပ်ငန်းများ ပုံမှန်ဖွင့်လှစ်ဆောင်ရွက်ပေးလျက်ရှိသည့် ဘဏ်ခွဲများမှ အငြိမ်းစားများအနေဖြင့် နှစ်လွှန်ပင်စင်ကိစ္စရပ်များအား ယခင်တည်ဆဲနည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း လေးစားစွာဖြင့် အသိပေးကြေညာအပ်ပါသည်။

ပင်စင်ဦးစီးဌာန

စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန